

ငါ့ဘဝကို ဖွင့်လိုက်စမ်းပါ။

ပူဆွေးမှာ စိုးလို့၊ ရိုကျိုးစွာမိုးလို့ ။

ငါ့ရဲ့ ကိုင်းဖျားကိုင်းနား ရီးလေးခို မိုးစက်တွေကို

ရယ်ပါ။

မလိုအပ်တဲ့ အခါ ခေါက်သိမ်းပါ။

လိုအပ်တဲ့ အခါ ဖုန်အလိမ်းလိမ်းကြားက ငါ့ကိုပြန်ရှာ။

မင်းကျောင်းပေါ်တက်တဲ့ အခါ ငါ့လိုဘဝတူတွေနဲ့

သတ်မှတ်နေရာမှာ ထားခဲ့ပါ။

တစ်ခါတလေ မေ့ကျန်ခဲ့ပါ။

တစ်ခါတလေ သူများကို ငှားပေးလိုက်ပါ။

တစ်ခါတလေ ချောင်ထိုးပါ။

တစ်ခါတလေ ဖွင့်ကြည့်ပါ။

တစ်ခါတလေ ...

တစ်ခါတလေ ...

တစ်ခါတလေ ...

ငါ့ဘဝကို မင်းက ဆုပ်ကိုင်ထားပြီး

ငါက မင်းကို အရိပ်မိုးပေးရသူ။

***

နံနက်နေက အချိန်ကောင်းပင်။ ရှုရှုလေးပူ၏။

သစ်ပင်တန်းဖြင့် စိမ်းလန်းနေသော တက္ကသိုလ်ကျောင်းဝင်းအတွင်း ကျောင်းသူ ကျောင်းသားများ အရိပ်ခိုနားနေကြသည် ။ တချို့က လမ်းသလား၏။ တချို့က ခင်မင်ရာ အဖော်ရှာသည် ။ ထိုစဉ်တွင်

"ထုန်း ထုန်း ထုန်း ထုန်း"

"ဟဲ့ သောက်ခွေး၊ ဘာကြီးတုံးဟ"

ကြားရသူအပေါင်း ဤနှယ်ထအော်ရလောက်သော အသံကြီးကြား တော့ လူတိုင်း မျက်လုံးပြူးခေါင်းထောင်ရပေပြီ။

"ဟဲ့ ဟဲ့ ဘာ .. ဘာကြီးတုန်း၊ တို့ ဖက်လိမ့်လာပဟ"

"ဟင် မည်းမည်းကြီး၊ မည်းမည်းကြီး ပြေးပါဟ"

မှန်ပေသည် ။ ကျောင်းဝင်းလမ်းမကျယ်ထဲ လိမ့်လာသော မည်းမည်းဝဝကြီး။ အသေအချာကြည့်မှ

"ဟဲ့ ကား၊ ဘုရားစူးကားဟဲ့"

"ဟင် ကားဆိုမှ ကား၊ အဲလေ ကား ကား"

ကားရားကြီးကားကားကြီးက ကျောင်းဝင်းထဲ ယိုင်ထိုးယိုင်ထိုးနှင့် ဝင်လာသည် ။ ဘုရားစူးကားဟု ဆိုသော် လွန်အံ့မထင်။ မင်းတုန်းမင်း တရားကြီး နစဉ်ကာလ သူစို့ခဲ့သော ချိုဘူးနှင့် ခေတ်ပြိုင်ခန့်က ပေါ်ပေါ က်ခဲ့သော ကားအမျိုးအစားထဲကပင် ဖြစ်ပေလိမ့်မည်။

ထိုကားသည် လည်း ချိုဘူးကို ဘီးတပ်ထားသလို ရှည်မျောမျော ခေါင်းသေးသေးကြီး။

"ထုန်း ထုန်း ထုန်း"

အရွယ်နဲ့ မလိုက်အောင် အသံကား အောင်၏။ ဤကားသာ အသက်ကြီးတတ်လျှင် အရွယ်ရောက်ပါက ရော့(ခ်)ကာဖြစ်နိုင်ပေသည်။

"ဟ ငါတို့ ဘက်လာမဟ၊ ခုန်ရှောင်ပါဟ"

"ဟင် ရှင်ပြောတော့ တစ်သက်လုံးမခွဲဘူးဆို"

"ချေးကားတိုက်သေတာကမှ နာမည်ကောင်းဦးမဟဲ့ ကောင်မရဲ့ ၊ ဒီကားနဲ့ အသေမခံနိုင်လို့ ပြေးပြီ"

တစ်ယောက်က ရည်းစားကိုထား၍ မှုံနေအောင် ထွက်ပြေးသွားသည် ။

ထိုကားသွားလေရာ ဝရုန်းသုန်းကားဖြစ်ကျန်ခဲ့ရရှာသည် ။ ကားကား အမှန်တော့ သိပ်မြန်လှသည် မဟုတ်။ အသံကြောင့် ဖားသေနေခြင်းပင်။

"ထုန်း ထုန်း ထုန်း"

"ဂျုံး"

"ဟင်"

"ဟာ ဘယ်လို"

ကန်တင်းနားရောက်တော့ ကားတံခါးက အချပ်လိုက်ကြီး ဂျုံးခနဲ ပွင့်ထွက်လာသည် ။ လှစ်ခနဲ ကားပေါ်မှ လူရွယ်တစ်ယောက်။ ကားတံခါး

ကိုဖက်ပြီး ဖျတ်ခနဲ ခုန်ချလာသည် ။ နောက် ရွေ့နေသေးသောကားကို ပြေးကပ်၍ တံခါးကို ဂျိုင်းခနဲ ပြန်ပိတ်လိုက်သည် ။

"ဟင် အဲလိုကြီးလား"

မြင်ရသူအပေါင်း စက္ခုတွေ ခညောင်းကုန်၏။

ကားက ရွေ့နေဆဲ။

ကြည့်ရတာ ထိုကား၌ ဘရိတ်လဲပါပုံမပေါ်။ စက်လဲသတ်၍ ရပုံမပေါ်။ လူရွယ်သည် ဘေးဘီဝေ့ကြည့်၍ ကန်တင်းထဲစွတ်ခနဲ ပြေးဝင်သွား၏။

ပြီးနောက် ကန်တင်းထဲမှ ချထားသော စားပွဲခုံတစ်လုံးကို ပြေးမသည် ။

"လာကြပဟေ့၊ တို့ ဒီစားပွဲဝိုင်းထိုင်ရအောင်"

လူရွယ်မှာ ခုံကို

ပြန်မချဘဲ

သရက်သီးသည် ၏

လက်ကိုင်လော်ကို

ကောင်မလေးဖင်အောက်

အချိန်ကိုက် ပြန်ချ

ပေးလိုက်သည် ။

အခန့်သင့်ပင် သူဆွဲယူလိုက်သောခုံမှာ ကျောင်းသူလေးများ လေးငါး ယောက်အုပ်စုဖြင့် ထိုင်ရန်ပြင်နေသော ခုံဝိုင်းဖြစ်နေသည် ။ စားပွဲခုံက အပုမို့ ခုံကလည်း အပုပင်။

"ကျီ ဝေါင် ဟယ်လိုတက်စတီ"

နံဘေးနားက သရက်သီးဆားနယ်သည် ကလည်း သူ့လက်ကိုင် လော်ကောင်း,မကောင်း လော်ကို ဘီးရှေ့ထား၍ မိုက်ခွက်နှင့်စမ်းနေချိ န်။

လူရွှယ်က ခုံကိုအဆွဲ၊ ကောင်မလေးက ထိုင်အချ။

ခုံမရှိတော့၍ ကောင်မလေးက ပက်လက်လန်လဲကျမည့် အနေအ ထား။ မြန်သည် ။ လူရွှယ်မှာ ခုံကို ပြန်မချဘဲ သရက်သီးသည် ၏ လက် ကိုင်လော်ကို ကောင်မလေးဖင်အောက် အချိန်ကိုက် ပြန်ချပေးလိုက်သ ည် ။

"ငါတော့ ခုံရပြီဟေ့"

လက်ကိုင်လော်ပေါ် ထိုင်ရသောကောင်မလေး၏ ဝမ်းသာအားရအ သံ။ အနီနှင့် အနက်ဝတ်ထားသော ကောင်မလေးက လော်ဝါဝါပေါ် တ က်ထိုင်နေတော့ ကြည့်ရတာတစ်မျိုး။

"ဟင် ခုံက အလည်ကအခံလည်း ပါဘူး၊ ဟင့်"

ကောင်မလေး မူန္စဲ့န္စဲ့အသံ။

လူရွှယ် ဂျမ်းတုံးခုရန် ခုံယူ၍ ကားဆီပြေး၏။

ထိုစဉ်မှာ ပင်

"ဟယ်လို ကြားလား၊ အသံကြားလား၊ သရက်သီး"

"အောင်မလေးတော့ ဘယ်ကအသံကြီးလဲ"

သရက်သီးသည် မိုက်ခွက်နှင့်အော်သည် ကို ဖင်နှင့်နားဆင်လိုက်ရသော ကောင်မလေးက ထခုန်သည် ။ ပြီးနောက် သူထိုင်ရသောအရာကို ပြန်ကြည့်သည် ။

"ဟင် ဟင် ဒါကြီးက"

သူထိုင်လိုက်ရသော လော်ကြီးကိုမြင်တော့ အံ့အားသင့်သွားသည် ။ အားလုံးက လော်စပီကာပေါ် ဖင်ချထိုင်သောသူမကို မျက်လုံးအပြူးသားနှင့်ကြည့်သည် ။

"ဟင် ဘယ်လို ဘယ်လိုဖြစ်"

"လော် လော်ကြီးပေါ်မှာ "

တော်သေးသည် ။ ကောင်မလေး ထအခုန် လော်က တင်ပါးမှာ စွတ်မပါသွားတာ။

"ဒါ ဒါက"

ကောင်မလေးမျက်လုံးက တဖြည်းဖြည်း မြင့်တက် လာပြီး သရက်သီးသည် ဆီ ရောက်သွားသည် ။ သူမမျက်လုံး မီးဝင်းဝင်းတောက်နေပေပြီ။ မည်သူကမှ ဤမျှအသံကျယ်သော လော်စပီကာပေါ်တက်မထိုင်ချင်။ မည်သို့မည်ပုံမှ အမည်ပင်ခေါ်မကောင်းသော အရာပေါ် တက်မထိုင်ချင်။ ထို့ကြောင့်

"ဟင် ရှင် ရှင် ဘာလုပ်တာလဲ"

သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောသောစကားကြောင့် သရက်သီးသည် ကြောက်လန့်ကာ

"ဘာလုပ်လို့ လဲ၊ ကျီ ဝေါင်"

ဖြစ်ချင်တော့ သူက မိုက်ခွက်ကိုမလွှတ်ဘဲပြောနေ၍ အသံက လော်ထဲကထွက်နေ၏။ ဒါကို ကောင်မလေးကလဲ သည်းမခံနိုင်ဘဲ သရက်သီးသည် ၏ မိုက်ခွက်ကိုဆွဲလုကာ

"ဘာလုပ်လဲဟုတ်လား၊ ကျွန်မဖင်အောက် ရှင့်လော်ကြီးလာထိုးထည့်တာလေ"

"ဟာ"

လော်ကထွက်လာသော အသံကျယ်ကျယ်ကြောင့် ကန်တင်း တစ်ခုလုံး အာမေဋိတ်သံ၊ သံပြိုင်ထွက်လာသည် ။ မထွက်ခံနိုင်ရိုးလား။ အကြောင်းမသိပါက ကြားရတာ အဓိပ္ပာယ်တစ်မျိုးကြီး။ ကောင်မလေးက သူ့ဒေါသနှင်သူမို့ သတိမထားမိ။

အချို့က ခေါက်ဆွဲဖတ်တွေတန်းလန်း၊ အချို့က အီကြာကွေး ပါးစပ်စွပ်လျက်၊ အချို့က ဟင်းချိုခွန်း လေထဲမှာ ။ လော်ကြီးအကြောင်းကြားပြီး အားလုံး ကြက်သီးထ၍ ငြိမ်နေကြသည် ။

ဒါကို သရက်သီးသည် ကလည်း အားလုံးအထင်မလွဲရအောင်ထင့်။ မိုက်ခွက်ကိုပြန်လုပြီး ရှင်းပြသည် ။

"ဟာ ညီမလေးကလဲ၊ အစ်ကို့လော်က အစ်ကို့ဘာသာအစ်ကို အရှေ့မှာ ဒီလိုလေးထောင်ထားတာ"

"ဟင်"

ကန်တင်းတစ်ခုလုံး ထအော်ကြပြန်သည် ။ သူကတော့ သူ့စက်ဘီးရှေ့ထောင်ထားတာကို ပြောတာပါ။ ဒါပေမဲ့ လူမမြင်ဘဲ အသံသာကြားရတော့ တစ်မျိုးကြီး။

"ဠ ဠ"

အီကြာကွေးသမားက နင်သွားသည် ။

"ကကျစ် ဝေါ့"

ခေါက်ဆွဲသမားက ပြန်အန်ထွက်လာ၏။

"ခွပ် ခလွမ်"

လက်ဖက်ရည်ခွက်ကိုင်ထားသူပင် တအားညှစ်မိ၍ ကိုင်းကျိုးပြီး ခွက်က မြေခ၏။ ထို့ကြောင့်ထင့် ကောင်မလေးလဲ ဒေါသထွက်ပြီး မိုက်ခွက်ပြန်ဆွဲကာ

"ဟင် ရှင်ပြောတော့ ရှင့်လော်ရှင့်ရှေ့ ထောင်ထားတာ၊ ဒါဆို ဘယ်လိုရှည်ပြီး ကျွန်မအောက်ရောက်လာတာလဲ၊ ပြောပါဦး"

"ဟမ်း"

လမ်းကဖြတ်သွားသော ဆရာမပင် ထိုအသံကြား၍ ခြေတစ်ဖက်မြှောက်လျက် ရပ်တန့်သွား၏။ သူ့တစ်သက်တွင် လည်းဤမျှရှည်လျားသော လော်အကြောင်းကို အရိပ်အမြွက်ပင် ကြားဖူးပုံမပေါ်။ ထို့ကြောင့် ခြေထောင်ရင်း ကြောင်ရပ်သည် ။ အားလုံး တုတ်တုတ်ပင် မလှုပ်တော့။ အကြားတစ်ချက်တင် ဖီး(လ်)တက်၍ သွေးထွက်ချင်ကုန်၏။

ဒါကို သရက်သီးသည် က

"ဟာ အဲလိုတော့ မပြောနဲ့ ၊ ကျွန်တော်က မွေးရာပါအတို၊ အဲ ဟို ဟို အစ်ကိုရှည်ကြီး လျှိုသွားတာဖြစ်မယ်"

"ဟော"

အာမေဋိတ်သံနှင့် အတူ မျက်လုံးများက သရက်သီးသည် ညွန်ပြရာ ရောက်သွားကုန်၏။

မှန်ပေသည် ။ လိမ့်နေသောကားကို ခုံတစ်လုံးနှင့် ဂျမ်းတုံးခုနေသော လူရွယ်။ သူ့ခမျာလဲ ကားသာစီးလာတာ ပြေးရတာလဲ ချွေးတလုံးလုံးနှင့် ဖတ်ဖတ်မောလို့ ။ ချွေးသုတ်တာ မြင်ရသေး။

"သူ၊ သူ၊ သူပဲ၊ ညီမထိုင်မယ့်ခုံ ဆွဲယူပြီး ကျွန်တော့်လော် ညီမဖင်အောက်ညှပ်၊ အဲ ချသွား သွားတာ"

"ဩော်"

အားလုံး သဘောပေါက်ကုန်၏။ ထိုတော့မှ ကောင်မလေးလည်း သဘောပေါက်ကာ အသားပင်တုန်တက်ပြီး

"ဩော် ဒီလိုလား၊ ဒီလိုဆိုလဲ တွေ့ကြတာပေ့ါ"

ဆိုကာ လူရွယ်ရှိရာကားဆီ ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက်ချသွားလေသည် ။ အားလုံးမျက်လုံးက ထိုသို့ရွေ့ကြပြန်၏။

"ဟဲ့ နွယ်နီဝင်း သတိထားဦးလေ"

"ဟဲ့ ဟဲ့ နွယ်နီ့နောက် လိုက်ကြပါဦး"

"ဟေ့ ငါတို့ ကိုစောင့်ဦး"

အနီနှင့်အနက်ဝတ်ထားသော နွယ်နီဦးဆောင်ရာ ကောင်မလေးလေးငါးယောက် ကားဆီချီတက်သွား၏။

"လာကြစမ်းပါ၊ မကြောက်ပါနဲ့ "

"ဟဲ့ ကြည့်လုပ်ဦး၊ ငါ့မှာ ငါ့မှာ နှလုံးရောဂါရှိတယ်၊ သွေးရဲရဲသံရဲရဲ မကြည့်ရဲဘူးနော်၊ အဲဒါမျိုးမြင်ရင် ငါ .. ငါတက်သွားမှာ "

အနောက်ဆုံးမှ ပုပြတ်ပြတ်ကောင်မလေး၏ အော်သံ။ နွယ်နီဝင်းဆိုသော ကောင်မလေးက ပြန်လှည့်၍

"မကြောက်နဲ့ ယဉ်ယဉ် ငါရှိတယ်"

ဆိုကာ ဦးဆောင်သွား၏။

"ဟယ် ဖြစ်မှ လဲလုပ်ဦး၊ ငါ့ .. ငါ့နှလုံးက"

"နှစ်လုံးကနေ လေးလုံးတစ်ပြုံး ဖြစ်စေရမယ်၊ လာပါ မကြောက်ပါနဲ့ ၊ ငါတို့ ရှိတယ်"

အားလုံး ခြေလှမ်းသွက်၏။ နှလုံးရောဂါသည် ယဉ်ယဉ်သာ ယက်ကန်ယက်ကန်။

ကားနားရောက်တော့ လူရွယ်က ကားအရှေ့ပြတင်းပေါက်ထဲ ခေါင်းလျှို၍ ဘာတွေလုပ် နေသည် မသိ၊ ကားက စက်မသေသေး။

"ဒီမှာ "

"ထုန်း ထုန်း ထုန်း"

ကားစက်သံကြောင့် ကားထဲခေါင်းရောက်နေသောလူရွယ် ကြားဟန်မတူ။ ထို့ကြောင့် နွယ်နီဝင်း အသံကိုမြှင့်၍

"ဒီမှာ "

"ဖုန်း"

"အား"

သူခေါ်တုန်း အိတ်ဇောက ဆီပိတ်၍ ထဖောက်သည် ။

"ဂစ် ဂစ် ဂစ် ဂစ် ဂစ် ဂစ်"

ထိုအသံကျယ်ကြောင့်ပင် နှလုံးရောဂါသည် ယဉ်ယဉ်က သူ့ရင်ဘတ်သူဖိ၍ ပက်လက်ကြီး တက်ချသွား၏။ အားလုံး လူရွှယ်ကို ဂရုမစိုက်နိုင်တော့။

"ဟဲ့ ဟဲ့ လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ ယဉ်ယဉ်တက်နေလို့ "

တက်တာမှ ပါးစပ်က အမြှုပ်ထ၍ အပီအပြင်တက်နေ၏။

"ဂစ် ဂစ် ဂစ်"

"ဟဲ့ ခြေမချိုး၊ ခြေမချိုး"

"ကုပ်ကို နှိပ်ပါဟဲ့၊ ကုပ်ကိုနှိပ်ပါ"

"ဆေး ဆေး၊ ဘယ်မှာ လဲ သူ့ဆေး"

"လွယ်အိတ်ထဲမှာ ရှာပါဟ၊ လွယ်အိတ်ထဲမှာ ရှိလိမ့်မယ်"

အားလုံး အလုပ်တွေရှုပ်ကုန်၏။ သူတို့ ရန်ဖြစ်ချင်သော လူရွှယ်ကို သတိပင်မရနိုင်တော့။

ထိုအတိုင်းပင်။

ကားတစ်စီးနှင့်လူရွှယ်မှာ ထိုအဖြစ်အပျက်များကို သိပုံပင်မပေါ်။ ကားသော့လေး တယမ်းယမ်းနှင့် လေကလေးချွန်ကာ ကျောင်းခန်းမဖက် လမ်းသလားချသွားလေတော့သတည်း။

အနောက်မှာ တော့ ကောင်မလေး လေးငါးယောက် တက်နေသူတစ်ယောက်ကို ခြေမတွေချိုး၊ ကုပ်တွေနှိပ်လို့ ။

***